# CBI Newsletter

## Reaching the NGO Community Nationwide

CAPACITY BUILDING INITIATIVE

Volume 12, Issue 2 July, 2011

## Our Vision

Competent individuals and organizations are working together and contributing enthusiastically their capacity for the development of Myanmar.

## Our Mission

CBI is a nationally recognized organization providing quality training, facilitation and consultancy services to individuals and organizations working for the development of Myanmar.

## Contents

Myanmar NGO Contingency Plan Simulation Exercise
Myanmar NGO Contingency Plan Updating Workshop ........... 2

Local Resource Centre
- Round Table Discussion
- Action Research Programmes
- Training Calendar ........... 3-6

Trainings/ Consultancy Services from CBI ........... 7-11

Update NGO Contact Information
CBI Training Calendar ........... 12

## မျှော်မှန်းချက်

စွမ်းရည်ပြည့်ဝသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အတူတကွပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြသည်။

## ရည်မှန်းချက်

စီဘီအိုင်သည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများကို အရည်အသွေးပြည့်ဝသော သင်တန်းများ၊ ကူညီပံ့ပိုးမှုများနှင့် အတိုင်ပင်ခံ ဝန်ဆောင်မှုများပေးနေသည့် နိုင်ငံအသိအမှတ်ပြု အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ရန်။

## မာတိကာ

မြန်မာအန်ဂျီအိုများ၏ သဘာဝဘေးအန္တရာယ်အတွက် အရေးပေါ် တုံ့ပြန်မှု စီမံချက်
- သရုပ်ပြ တုန့်ပြန်ပြုမှုလေ့ကျင့်ပွဲ
- ပြင်ဆင်ရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲ .......... ၂

ပြည်တွင်းအရင်းအမြစ်ဌာန
- စားပွဲဝိုင်း တွေ့ဆုံဆွေးနွေးပွဲများသို့ ဖိတ်ခေါ်ခြင်း
- လူမှု သုတေသန စမ်းစစ်လေ့လာမှုများ
- သင်တန်းများ .......... ၃-၆

စီဘီအိုင် သင်တန်းများနှင့် ဝန်ဆောင်မှုများ .......... ၇-၁၁

သတင်းအချက်အလက်များ
စီဘီအိုင် သင်တန်းအချိန်ဇယားများ .......... ၁၂

## Contact CBI

No. 497, Room No. 201-202, Tower B, Diamond Condo,
Pyay Road, Kamayut Township,Yangon, Myanmar
Phone/Fax : (95-1) 501 379, 523 675, (95-9) 540 8067
Email : cbiinfo@myanmar.com.mm,
cbi@baganmail.net.mm,
cbitraining@cbiinmyanmar.org
Website : www.cbiinmyanmar.org

## စီဘီအိုင်ကိုဆက်သွယ်ရန်

အမှတ် ၄၉၇၊ အခန်း ၂၀၁-၂၀၂၊ တာဝါ ဘီ၊ ဒိုင်းမွန်းကွန်ဒို၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း/ဖက်စ် - ၅၀၁ ၃၇၉၊ ၅၂၃ ၆၇၅၊ ၀၉ ၅၄၀ ၈၀၆၇
အီးမေးလ် - cbiinfo@myanmar.com.mm,
cbi@baganmail.net.mm,
cbitraining@cbiinmyanmar.org
ဝက်ဘ်ဆိုက် - www.cbiinmyanmar.org

*Limited for Internal Circulation Only*

## Myanmar NGO Contingency Plan Simulation Exercise



Myanmar NGOs participated in the one-day simulation exercise for the Myanmar NGO contingency Plan on 6 June 2011 at Summit Parkview Hotel in Yangon. 116 participants from Myanmar NGOs, INGOs, and Government officials participated at the exercise. Oxfam (GB) and UNOCHA provided technical support and Oxfam (GB) incurred the costs for the exercise.

## မြန်မာအန်ဂျီအိုများ၏ သဘာဝဘေးအန္တရာယ်အတွက် အရေးပေါ်တုံ့ပြန်မှုစီမံချက် သဏ္ဌာန်တူ လေ့ကျင့်ပွဲ



ဇွန်လ ၆ ရက်နေ့က ရန်ကုန်ရှိ ဆန်းမစ်ပတ်ခ်ဗျူးဟိုတယ်မှာ မြန်မာအန်ဂျီအိုများ၏ သဘာဝဘေးအန္တရာယ်အတွက် အရေးပေါ် တုံ့ပြန်မှုစီမံချက်ကို သဏ္ဌာန်တူ လေ့ကျင့်ပွဲ ပြုလုပ်ခဲ့ရာမှာ မြန်မာလူမှုရေးအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေး အဖွဲ့အစည်းများနဲ့ အစိုးရဌာနများမှ ၁၁၆ဦး ပါဝင်လုပ်ဆောင်ခဲ့ကြပါတယ်။ အဲဒီ သဏ္ဌာန်တူ လေ့ကျင့်ပွဲမှာ အောက်စ်ဖမ်း(ဂျီဘီ)နဲ့ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးတို့က နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးခဲ့ပြီး ကုန်ကျစရိတ်ကို အောက်စ်ဖမ်း(ဂျီဘီ)က ကူညီထောက်ပံ့ပေးခဲ့ပါတယ်။

## Myanmar NGO Contingency Plan Updating Workshop



Myanmar NGO Contingency Plan Updating Workshop was held on 12 July 2011 at Thingha Hotel in Nay Pyi Taw. The workshop was supported and assisted by the Ministry of Social Welfare, Relief and Resettlement and UNOCHA. Different Government Departments sent their representatives to this workshop. Some UN Agencies also attended and contributed their technical knowledge and information. 64 participants attend the workshop with opening remark by Director General of Relief and Resettlement Department.

## မြန်မာအန်ဂျီအိုများ၏ သဘာဝဘေးအန္တရာယ်အတွက် အရေးပေါ်တုံ့ပြန်မှုစီမံချက် ပြင်ဆင်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ



မြန်မာအန်ဂျီအိုများရဲ့ သဘာဝဘေးအန္တရာယ်အတွက် အရေးပေါ် တုံ့ပြန်မှုစီမံချက် ပြင်ဆင်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လ ၁၂ ရက်နေ့က နေပြည်တော်ရှိ သင်္ဂဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲကို လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီးဌာနနဲ့ ကုလသမဂ္ဂလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးတို့ရဲ့ ကူညီထောက်ပံ့မှုနဲ့ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတော် အစိုးရဌာနပေါင်းစုံက ကိုယ်စားလှယ်တွေ တက်ရောက်သလို၊ ကုလသမဂ္ဂ အေဂျင်စီအချို့က ကိုယ်စားလှယ်တွေလည်း တက်ရောက်ကြပြီး သူတို့ရဲ့ နည်းပညာပိုင်းဆိုင်ရာ ဗဟုသုတတွေနဲ့ သတင်းအချက်အလက်တွေကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြပါတယ်။ တက်ရောက်လာသူ အားလုံးပေါင်း ၆၄ ဦးရှိခဲ့ပြီး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားခဲ့ပါတယ်။

## You are invited to join monthly Round Table Discussion

Local Resource Center (LRC) is trying to promote open dialogue and discussion on priority issues among Myanmar development partners. For this reason, LRC has been organizing monthly Round Table discussions since last year. So far LRC organized eleven Round Table discussions on issues ranging from disaster, natural resource management and civil society networking to social enterprise, all of which reflecting the reality, challenges and opportunities for development and humanitarian organization working in Myanmar. LRC also tries to enhance such kinds of valuable knowledge and insights by bringing in speakers from abroad as well, so that all can learn what is going on around the region and the world. Speakers are veteran development workers, civil society leaders, analysts and advocates.

LRC tries to make sure that the process of Round Table discussion is dynamic and participatory. Participants and partners are invited to propose topics for discussion of the forthcoming sections. The speaker starts the topic by a presentation. The presentation is followed by more dynamic form of discussion which is the essence of this Round Table talks. LRC would like to see action points among agencies of mutual interests after the discussions so that the round table talk ignites actions on the ground.

You are invited both as a speaker or a participant. LRC also want to hear suggestion of priority issues or topics we need to discuss and find possible solutions.

Participation only needs registration. LRC announce the date, the topic and the speakers two weeks in advance.

**Contact for Round Table discussion and general info:**
**Nan Neichi Minn (Information and Communication Officer)**
Email: lrcyangon2010@gmail.com,
Address: 224 (A), 3rd Floor, Salomon Tower, Uwisara Road,
Bahan Township, Yangon, Myanmar
Tel : + 95 (1) 536428



## ပြည်တွင်းအရင်းအမြစ်ဌာနမှ လစဉ်ပြုလုပ်သော စားပွဲဝိုင်းတွေ့ဆုံဆွေးနွေးပွဲများသို့ ဖိတ်ခေါ်ခြင်း

ပြည်တွင်းအရင်းအမြစ်ဌာနအနေနဲ့ မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးရေးနဲ့ အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်းတွေ အချင်းချင်းကြားမှာ လွတ်လပ်ပွင့်လင်းစွာ တွေ့ဆုံဆွေးနွေး အမြင်ဖလှယ်ခြင်း၊ အဖြေရှာခြင်း အလေ့အထကောင်းတွေ ထွန်းကားလာစေဖို့ အားပေးကူညီလျက်ရှိပါတယ်။ အဲဒီရည်ရွယ်ချက်ကို ဖြည့်ဆည်းဖို့အတွက် စားပွဲဝိုင်း ဆွေးနွေးပွဲတွေကို ၂၀၁၀ ခုနှစ် ကတည်းက စတင်ပြီး တစ်လတစ်ကြိမ် ကျင်းပလျက်ရှိပါတယ်။ စားပွဲဝိုင်းဆွေးနွေးပွဲတွေမှာလည်း လက်ရှိမြန်မာနိုင်ငံအတွင်း အလုပ်လုပ်နေကြတဲ့ ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာ ထောက်ထားရေးဆိုင်ရာ အဖွဲ့အစည်းတွေ ရင်ဆိုင်ကြုံတွေ့နေရသော အရှိတရားများ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ထင်ဟပ်စေတဲ့ အကြောင်းအရာခေါင်းစဉ်တွေကို ဆွေးနွေးဖလှယ်ခဲ့ကြပါတယ်။ ဆွေးနွေးခဲ့ပြီးဖြစ်တဲ့ အကြောင်းအရာတွေမှာ ဘေးအန္တရာယ်ကာကွယ်ရေး၊ သဘာဝသယံဇာတအရင်းအမြစ်စီမံခန့်ခွဲရေး၊ အရပ်ဘက် လူ့ဘောင် အဖွဲ့အစည်းများအတွင်း ကွန်ရက်ဖွဲ့ချိတ်ဆက်ရေးနဲ့ လူမှုစီးပွားရေးလုပ်ငန်းများ Social Enterprise စတဲ့ ခေါင်းစဉ်တွေ ပါဝင်ပါတယ်။ စားပွဲဝိုင်းဆွေးနွေးပွဲတစ်ခုချင်းစီမှာလည်း လုပ်သက်ရင့် အတွေ့အကြုံရင့် လူမှုဖွံ့ဖြိုးရေးဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ဦးစီးနိုးဆော်နေသူများ၊ ဖွံ့ဖြိုးရေးလေ့လာသုံးသပ်သူများအစရှိတဲ့ ဦးဆောင် ဆွေးနွေးမယ့်သူများ ရှိပါတယ်။ ဒါ့အပြင် အကြောင်းတိုက်ဆိုင်ပါက နိုင်ငံတကာဖွံ့ဖြိုးရေးနယ်ပယ်မှာ ဆောင်ရွက်နေသူတွေကိုလည်း ဖိတ်ခေါ်ပြီး သူတို့ရဲ့ အတွေ့အကြုံတွေကို ပြည်တွင်းဖွံ့ဖြိုးရေး အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးဖလှယ်နိုင်စေရန် စီစဉ်ဆောင်ရွက်ပေးတာတွေလည်း ရှိပါတယ်။

ပြည်တွင်းအရင်းအမြစ်ဌာနရဲ့ စားပွဲဝိုင်းဆွေးနွေးပွဲတွေကို အနှစ်သာရပြည့်ဝပြီး လက်တွေ့အကျိုးဖြစ်ထွန်းစေဖို့ တတ်နိုင်သလောက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဆွေးနွေးပွဲတွေ အသက်ဝင်ပြီး ပါဝင်တက်ရောက်တဲ့သူတွေအားလုံး ပူးပေါင်းပါဝင်မှုရှိစေဖို့လည်း

ဆောင်ရွက်ထားပါတယ်။ ဆွေးနွေးပွဲ တက်ရောက်သူတွေနဲ့ အဖွဲ့အစည်းတွေအနေနဲ့ နောက်တစ်ကြိမ်ဆွေးနွေးပွဲမှာ မိမိတို့ ဆွေးနွေးစေချင်တဲ့ အကြောင်းအရာခေါင်းစဉ်တွေကိုလည်း အဆိုပြုနိုင်ပါတယ်။ ပုံမှန်အားဖြင့် စားပွဲဝိုင်း ဆွေးနွေးပွဲတစ်ခုမှာ ဦးဆောင်ဆွေးနွေးမည့်သူက ခေါင်းစဉ်အကြောင်းအရာကို စတင်ဦးဆောင်ဆွေးနွေးပြီး၊ ပါဝင်တက်ရောက်လာသူများက ဒုတိယ ပိုင်းမှာ ထိုအကြောင်းအရာနဲ့ ပတ်သက်ပြီး ဝိုင်းဝန်းဆွေးနွေး၊ အဖြေရှာကြလေ့ရှိပါတယ်။ ယခုကဲ့သို့သော စားပွဲဝိုင်းဆွေးနွေးပွဲ တွေမှ အစပြုပြီး ဦးတည်ရည်ရွယ်ချက်ချင်းတူညီတဲ့ အဖွဲ့အစည်းတွေ ဘုံပြဿနာတွေကို စုပေါင်းအဖြေများရှာဖွေ အကောင်အထည်ဖော်နိုင်တဲ့ အဆင့်အထိ တက်လှမ်းသွားနိုင်ရန် ပြည်တွင်းအရင်းအမြစ်ဌာနအနေနဲ့ ရည်မှန်းထားပါတယ်။

ဒါ့ကြောင့် စားပွဲဝိုင်းဆွေးနွေးပွဲများသို့ ဦးဆောင်ဆွေးနွေးမည့်သူအနေဖြင့်လည်းကောင်း၊ ပါဝင်ဆွေးနွေးမည့်သူများအဖြစ်လည်းကောင်း တက်ရောက်ကြပါရန် ဖွံ့ဖြိုးမှုနယ်ပယ်အတွင်း လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ အန်ဂျီအိုအဖွဲ့အစည်းများနဲ့ စိတ်ပါဝင်စားသူတွေကို ဖိတ်ခေါ်ပါတယ်။ ဆွေးနွေးအဖြေရှာသင့်တဲ့ ဦးစားပေးအကြောင်းအရာ ခေါင်းစဉ်တွေကိုလည်း အဆိုပြုနိုင်ပါကြောင်း ဖိတ်ခေါ်ချင်ပါတယ်။

စိတ်ဝင်စားကာ တက်ရောက်လိုသူများအနေနဲ့ ကြိုတင်စာရင်းပေးသွင်းရန်လိုအပ်ကြောင်းနဲ့ လစဉ်ဆွေးနွေးပွဲကျင်းပမည့် နေ့ရက်၊ အချိန်နှင့်ခေါင်းစဉ်ကို နှစ်ပတ်ခန့်ကြိုတင်၍ အယ်လ်အာစီမှ ကြေညာပေးမည်ဖြစ်ပါကြောင်း အသိပေးလိုပါတယ်။

ဆက်သွယ်ရန် : မနန်းနေခြည်မင်း
ပြည်တွင်းအရင်းအမြစ်ဌာန :
၂၂၄ အေ၊ တတိယထပ်၊ ဆော်လမွန် စီးပွားရေးအဆောက်အအုံ၊ ဦးဝိဇာရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ်- ၀၁ ၅၃၆၄၂၈

## Action Research Programmes

With the aim of increasing and strengthening the capacity of Myanmar communities in research, policy analysis and advocacy, the Local Resource Centre conducts social researches which contribute to the development of civil society in Myanmar. We aim to expand an evidence base through research and enquiry to better support the development of civil society organizations and advocate for change in specific areas of concern.

*Starting from year 2009 up to now, LRC has conducted the following studies;*

1. *Study Report on Committees: Effective Community-based Responses to Cyclone Nargis (August 2009)*
2. *Progressing through Partnerships: How National and International Organizations Work Together in Myanmar (March 20 10)*
3. *A Comparative Study on Different Models of Monastic Schools (June 2010)*
4. *Coping with Aid Agencies (June 2010)*
5. *A Study on Perception, Conceptualization and Practices of CCA (December 2010)*
6. *How Myanmar Civil Society is Responding to the Needs of Young People (December 2010)*

In year 2011, LRC plans to conduct three more studies, and this time with the aim to increase the capacity of local organizations in research, policy analysis and advocacy. As first step of the studies, LRC has facilitated a brainstorming session/planning meeting with interested NGOs and networks to identify priority areas for new research projects and a tentative topic, "Leadership Styles of Civil Society Organizations in Myanmar" was selected to conduct a study.

In all the three brainstorming sessions organized by LRC, the senior management staffs of the local NGOs are welcomed to join and all their inputs are highly appreciated and considered as the invaluable assets to our future studies. Staff from the interested local organizations will be able to participate in the study processes in order to enhance their capacity in research-based advocacy.

Contact: Daw Thu Thu Nwe Hlaing (Research Coordinator)
Address: 224 (A), 3rd Floor, Salomon Tower, Uwisara Road, Bahan Township, Yangon, Myanmar
Email: ttnhlaing@gmail.com
Tel : + 95 1 536428

## ပြည်တွင်းအရင်းအမြစ်ဌာနမှ ပြုလုပ်သော Action Research များ

ပြည်တွင်းအရင်းအမြစ်ဌာနအနေနဲ့ မြန်မာနိုင်ငံအတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်တဲ့ လူမှုသုတေသနတွေကို ဆောင်ရွက်လျက်ရှိနေပါတယ်။ အဲဒီလိုဆောင်ရွက်နေရာမှာ မြန်မာနိုင်ငံအတွင်းရှိ ဖွံ့ဖြိုးရေးအဖွဲ့အစည်းတွေရဲ့ သုတေသန၊ မူဝါဒရေးရာ လေ့လာဆန်းစစ်မှုတွေမှာ အကြံပေးတိုက်တွန်းမှုတွေ ပြုလုပ်ပေးပြီး အထောက်အပံ့ဖြစ်စေဖို့ ရည်ရွယ်ပါတယ်။

ဒါ့အပြင် အရပ်ဘက်အဖွဲ့အစည်းများဖွံ့ဖြိုးရေးနဲ့ သက်ဆိုင်ရာဖွံ့ဖြိုးမှုနယ်ပယ်တွေမှာ လိုအပ်တဲ့ တိုးတက်ပြောင်းလဲမှုတွေ ဖြစ်ထွန်းစေဖို့ ရည်ရွယ်ပြီး အထောက်အထားအခြေပြုတဲ့ သုတေသနတွေ ဆန်းစစ်လေ့လာမှုတွေ ပြုလုပ်နိုင်ဖို့ အလေးထား ဆောင်ရွက်နေပါတယ်။

ပြည်တွင်းအရင်းအမြစ်ဌာနရဲ့ သုတေသနအစီအစဉ်တွေကို ၂၀၀၉ ခုနှစ်ကနေ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိ အချိန်အထိ အောက် ပါသုတေသနလေ့လာမှုတွေကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

1. *Study Report on Committees: Effective Community-based Responses to Cyclone Nargis (August 2009)*
2. *Progressing through Partnerships: How National and International Organizations Work Together in Myanmar (March 2010)*
3. *A Comparative Study on Different Models of Monastic Schools (June 2010)*
4. *Coping with Aid Agencies (June 2010)*
5. *A Study on Perception, Conceptualization and Practices of CCA (December 2010)*
6. *How Myanmar Civil Society is Responding to the Needs of Young People (December 2010)*

ယခု ၂၀၁၁ ခုနှစ်အတွင်းမှာလည်း နောက်ထပ်သုတေသန သုံးခု ထပ်မံပြုလုပ်ဖို့ ရည်ရွယ်ထားပါတယ်။ ထိုသို့ပြုလုပ်ရာမှာ ပြည်တွင်း အန်ဂျီအိုအဖွဲ့အစည်းတွေရဲ့ သုတေသနဆန်းစစ်မှု၊ မူဝါဒရေးရာ လေ့လာသုံးသပ်နိုင်မှုနဲ့ အကြံပေးတိုက်တွန်းမှုတွေ ပြုလုပ်နိုင်တဲ့ စွမ်းရည်တွေ မြင့်တက်လာစေရန်အတွက်လည်း ရည်ရွယ်ပါတယ်။ ပထမဦးဆုံး သုတေသနကိုပြုလုပ်ရန်အတွက် အစီအစဉ်ရေးဆွဲရေးနဲ့ brainstorming session တစ်ခုကို ပြည်တွင်းအန်ဂျီအိုအဖွဲ့အစည်းများ၊ ကွန်ရက်များနှင့်အတူ ပူးပေါင်းပြီးကျင်းပခဲ့ပါတယ်။ အဲဒီဆက်ရှင်က ပေါ်ထွက်လာတဲ့ ဦးစားပေးကိစ္စရပ်ခေါင်းစဉ်တွေထဲကနေ လတ်တလော လက်တွေ့သုတေသနပြုလုပ်ဖို့ ခေါင်းစဉ်အဖြစ် 'မြန်မာနိုင်ငံအတွင်းရှိ လူမှုရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်မှုပုံစံများ' ကို ရွေးချယ်ခဲ့ကြပါတယ်။

သုတေသနခေါင်းစဉ်တွေ ရွေးချယ်ဖို့အတွက် Brainstorming Session စုစုပေါင်းသုံးခုပြုလုပ်ခဲ့ပြီး အဲဒီဆက်ရှင်တွေမှာ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းတွေက အကြီးတန်းစီမံခန့်ခွဲမှု တာဝန်ရှိသူခေါင်းဆောင်တွေကို ဖိတ်ကြားပြီး သူတို့ရဲ့ အကြံပြုချက်တွေကို လက်ခံရယူခဲ့ပါတယ်။ ထိုအကြံပြုချက်တွေ၊ ဆွေးနွေးချက်တွေကို နောက်ပိုင်း ဆက်လက်ပြုလုပ်မယ့် သုတေသနလေ့လာမှုတွေမှာ အရေးကြီးတဲ့ အကြံဉာဏ်တွေအဖြစ် လက်ခံသတ်မှတ်ထားပါတယ်။ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများအနေနဲ့ အဲဒီသုတေသနလေ့လာမှု အစီအစဉ်တွေမှာ မိမိတို့ရဲ့ အဖွဲ့ဝင် ဝန်ထမ်းတွေကို အတူပူးပေါင်းပါဝင်စေခြင်းဖြင့် သုတေသနကို အခြေခံတဲ့ မူဝါဒရေးရာ အကြံပြုတိုက်တွန်းမှုတွေ ပြုလုပ်နိုင်မယ့် စွမ်းဆောင်ရည်တွေ တိုးတက်လာစေဖို့ ပြည်တွင်းအရင်းအမြစ်ဌာနက ရည်ရွယ်ထားပါတယ်။

**ဆက်သွယ်ရန် ៖ မသူသူနွယ်လှိုင်**

ပြည်တွင်းအရင်းအမြစ်ဌာန ៖

၂၂၄ အေ၊ တတိယယထပ်၊ ဆော်လမွန် စီးပွားရေးအဆောက်အအုံ၊ ဦးဝိဇာရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်းနံပါတ်- ၀၁ ၅၃၆၄၂၈

## ⁕ Your Training Calendar

One of the LRC Core Services is training in monitoring and accountability areas. Following is the training calendar for forthcoming M&A trainings in 2011 and 2012.

| No. | Workshop/Training Title | Delivery | Invitation | Application Closing | Confirmation |
|---|---|---|---|---|---|
| 1. | Complaint Handling & Response Mechanism/ Feedback System (T-3, Batch 1) | 17- 19 August 2011 | 18 July 2011 | 5 August 2011 | 8 August 2011 |
| 2. | Financial Accountability (T – 4, Batch 1) | 14- 15 November 2011 | 10 October 2011 | 28 October 2011 | 7 November 2011 |
| 3. | Accountability & Self-Assessment Tools (T -2, Batch 2) | 13- 14 October 2011 | 12 September 2011 | 30 September 2011 | 4 October 2011 |
| 4. | Complaint Handling & Response Mechanism/ Feedback System (T-3, Batch 2) | 17- 19 January 2012 | 14 December 2011 | 5 January 2012 | 6 January 2012 |
| 5. | Financial Accountability (T -4, Batch 2) | 15- 16 March 2012 | 10 February 2012 | 2 March 2012 | 5 March 2012 |

Contact Person: Daw Htwe Htwe Hlaing (Monitoring & Accountability Officer)
E-mail: hlaing.htwehtwe@gmail.com

*Local Resource Center*
*Salamon Business Centre, 4th Floor, U Wisara Road, Tel: 536428, email: lrcyangon2010@gmail.com*

## Organizational Capacity Assessment (OCA) and Strategic Planning Workshops



Action For Public

CBI has been conducting Organization Capacity Assessment (OCA) and Strategic Planning Workshop for National NGOs and CBOs to enhance the organizational capacity.

During the month of April, May and June, we conducted six OCA Workshops :

New Myanmar Foundation from 4 -6 April, Action for Public from 25-27 April, Myanmar Physically Handicapped Association 7-9 May, Karen Women Action Groupfrom 16-18 May, Mahaythi from 18-20 May, Country Agency for Rural Development from 1-3 June.

Moreover we conducted Strategic Planning Workshop for Shwe Chin Thae' from 23 to 25 May, 2011.

## အဖွဲ့အစည်း စွမ်းဆောင်ရည် ဆန်းစစ်ခြင်းနဲ့ မဟာဗျူဟာ အစီအစဉ်ချမှတ်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ



Karen Women Action Group

စီဘီအိုင်အနေနဲ့ မြန်မာလူမှုရေးအဖွဲ့အစည်းတွေအတွက် စွမ်းဆောင်ရည် ဆန်းစစ်အကဲဖြတ်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ မဟာဗျူဟာအစီအစဉ် ချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ပေးလျက်ရှိနေပါတယ်။

ဧပြီလ၊ မေလနဲ့ ဇွန်လအတွင်းမှာပဲ အဖွဲ့အစည်းစွမ်းဆောင်ရည် ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲခြောက်ခုနဲ့ ရွှေခြင်သည့်အဖွဲ့အတွက် မဟာဗျူဟာအစီအစဉ်ချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။

## CBI made an agreement with SwissAid to conduct 6 trainings for its local partner organizations.



Monitoring and Evaluation Training



Accounting and Financial Training

The first training, Project Planning training was done in March with 22 participants.

The second one, Monitoring and Evaluation training was on 1st, 2nd, and 4th April, 2011 with 23 participants.

The third training, Proposal Writing training was conducted from 11 to 13 May, 2011 with 26 participants.

The fourth was Strategic Planning training and conducted in 16-18 May, 2011 with 21 participants.

The last two trainings were Accounting and Financial Management Trainings which were on 13-15 June with 29 participants and 16-18 June, 2011 with 27 participants.The last two trainings were conducted by CBI Finance Officer as she has the expertise on this subjects and knows how to conduct the trainings.

All the trainings were conducted in Myitkyina.

## စီဘီအိုင်အနေနဲ့ ဆွစ်အိတ်စ်ရဲ့ မိတ်ဖက် အဖွဲ့အစည်းတွေကို သင်တန်း ၆ခု ပေးပေးဖို့ သဘောတူညီထားခဲ့ပါတယ်။



Proposal Writing Training



Strategic Planning Training

ပထမဆုံးသင်တန်းဖြစ်တဲ့ စီမံကိန်း စီစဉ်ရေးဆွဲတဲ့သင်တန်းကို သင်တန်းသား ၂၂ ဦးနဲ့ မတ်လထဲမှာ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။

ဒုတိယသင်တန်းအဖြစ် စောင့်ကြည့်လေ့လာခြင်းနဲ့ ဆန်းစစ်အကဲဖြတ်ခြင်းကို သင်တန်းသား ၂၃ ဦးနဲ့ ဧပြီလ ၁ရက်၊ ၂ရက်နဲ့ ၄ရက်နေ့များမှာ ပြုလုပ်ခဲ့ပါတယ်။

အစီရင်ခံစာများရေးသားနည်းသင်တန်းကိုတော့ သင်တန်းသား ၂၆ဦးနဲ့ မေလ ၁၁ရက်နေ့ကနေ ၁၃ရက်နေ့အထိ တတိယမြောက် သင်တန်းအဖြစ် ပြုလုပ်ခဲ့ပါတယ်။

မဟာဗျူဟာ အစီအစဉ်ရေးဆွဲခြင်းသင်တန်းကိုတော့ မေလ၁၆ရက်နေ့ကနေ ၁၈ရက်နေ့အထိ သင်တန်းသား ၂၁ဦးနဲ့ ပြုလုပ်ခဲ့ပါတယ်။

နောက်ဆုံးသင်တန်းနှစ်ခုဖြစ်တဲ့ စာရင်းကိုင်သင်တန်းနဲ့ ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းကိုတော့ ဇွန်လ ၁၃ရက်ကနေ ၁၅ရက်နေ့အထိ သင်တန်းသား ၂၉ဦးနဲ့လည်းကောင်း၊ ဇွန်လ ၁၆ရက်ကနေ ၁၈ရက်နေ့အထိ သင်တန်းသား ၂၇ဦးနဲ့လည်းကောင်း အသီးသီး ပြုလုပ်ပြီး ဖြစ်ပါတယ်။

နောက်ဆုံးသင်တန်းနှစ်ခုမှာတော့ သက်ဆိုင်တဲ့သာသာရပ်ကို နားလည်တတ်ကျွမ်းတဲ့ စီဘီအိုင် ဘဏ္ဍာရေးအရာရှိက ပို့ချပေးခဲ့ပါတယ်။

သင်တန်းအားလုံးကို မြစ်ကြီးနားမြို့သို့ သွားရောက်ပို့ချပေးခဲ့တာပဲ ဖြစ်ပါတယ်။

## Management Fundamental Training



UNOPS, 3DF contracted CBI training team to conduct capacity building trainings for its partner organizations. The first 4-day training named "Management Fundamental" was facilitated from 27 to 30 June at CBI training room. 24 participants from 8 organizations attended it.

## အခြေခံ စီမံခန့်ခွဲရေးသင်တန်း



ရောဂါသုံးမျိုးရံပုံငွေအဖွဲ့က စီဘီအိုင်ကို သူတို့ရဲ့ မိတ်ဖက် အဖွဲ့အစည်းတွေအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးတဲ့သင်တန်းများ ပြုလုပ်ပေးဖို့ တောင်းဆိုလာပါတယ်။ ဒါ့ကြောင့် ပထမဆုံးသင်တန်းအဖြစ် အခြေခံ စီမံခန့်ခွဲရေးသင်တန်းကို ဇွန်လ ၂၇ရက်နေ့ကနေ ၃၀ရက်နေ့အထိ လေးရက်တာ ပြုလုပ်ပေးခဲ့ပါတယ်။ ရောဂါသုံးမျိုးရံပုံငွေအဖွဲ့ရဲ့ မိတ်ဖက်အဖွဲ့အစည်း ၈ခုက သင်တန်းသား ၂၄ယောက် တက်ရောက်ခဲ့ပါတယ်။

## Staff Development Training



CBI training team selected total number of 16 participants, 10 male and 6 female, to attend in this training which was from 1 to 3 June at CBI training room. The purpose of the training was participants will have the comprehensive knowledge of the ways to develop the competence of staff.

*Participants said that :*

- *I am keen to apply the knowledge learnt from the training in my wok.*
- *Learning by doing activities is good.*
- *The more we discuss each other, the more we learned.*

## ဝန်ထမ်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်း



ဇွန်လ ၁ရက်နေ့ကနေ ၃ရက်နေ့အထိ စီဘီအိုင်သင်တန်းခန်းမမှာ လုပ်ခဲ့တဲ့ ဒီသင်တန်းမှာ စုစုပေါင်း သင်တန်းသား ၁၆ယောက်၊ အမျိုးသား ၁၀ယောက်နဲ့ အမျိုးသမီး ၆ ယောက်တို့ ပါဝင်တက်ရောက်ခဲ့ပါတယ်။ သင်တန်းရဲ့ ရည်ရွယ်ချက်က တက်ရောက်ကြတဲ့ သင်တန်းသားတွေ ဝန်ထမ်းတွေရဲ့ စွမ်းဆောင်နိုင်ရည်တွေကို မြှင့်တင်ပေးနိုင်မယ့် နည်းလမ်းတွေကို သိရှိနားလည်သွားစေဖို့ပဲ ဖြစ်ပါတယ်။

သင်တန်းသားတို့ ရင်ဖွင့်သံများ

- သင်တန်းကနေ သင်ယူခဲ့ရတာတွေကို အလုပ်မှာ ပြန်သုံးချင်တဲ့ စိတ်တွေ ပြင်းပြနေတယ်။

## Report Writing Training



Report Writing training was facilitated by CBI training team in Mandalay from 8 to 10 June. Total number of 18 participants from 16 Local Organizations participated in this training. The purpose was to deliver the knowledge, skills and methods to the participants to write clear, concise and quality reports useful for their work. At the end of the training, participants understood well how to write a complete and good formatted report.

*Participants said that :*

- *We know why report is important and types of report.*
- *We learn data collection process to get qualitative and quantitative data.*
- *We understood how to write and edit a report using professional writing methods.*

### အစီရင်ခံစာ ရေးသားနည်းသင်တန်း



ဒီသင်တန်းကို ဇွန်လ ၈ရက်နေ့ကနေ ၁၀ရက်နေ့အထိ မန္တလေးမြို့မှာ လုပ်ပေးခဲ့ပါတယ်။ ပြည်တွင်းအဖွဲ့အစည်း ၁၆ဖွဲ့ကနေ သင်တန်းသား ၁၈ ယောက် ပါဝင်ခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ သူတို့ရဲ့ လုပ်ငန်းခွင်တွေမှာ လိုတိုရှင်း အစီရင်ခံစာတွေ ရေးသွားနိုင်ဖို့အတွက် နည်းလမ်းတွေ အသိပညာတွေကို ဖြန့်ဝေပေးဖို့ဖြစ်ပါတယ်။ သင်တန်းအပြီးမှာတော့ သင်တန်းတက်ရောက်သူတွေဟာ ကောင်းမွန် ပြည့်စုံတဲ့ ပုံစံကျကျ အစီရင်ခံစာတစ်စောင်ကို ဘယ်လိုရေးရမယ်ဆိုတာ သိရှိနားလည်သွားကြပါတယ်။

သင်တန်းသားတို့ ရင်ဖွင့်သံများ

- အစီရင်ခံစာဘာကြောင့်အရေးကြီးတယ်၊ အစီရင်ခံစာအမျိုးမျိုးကို သိသွားပါပြီ။
- သတင်းအချက်အလက် စုဆောင်းပုံကို လေ့လာသင်ယူခဲ့ရပါတယ်။
- အဆင့်မြင့် ရေးသားနည်းတွေသုံးပြီး အစီရင်ခံစာတစ်စောင်ကို ဘယ်လိုရေးသား ပြင်ဆင်ရမယ်ဆိုတာ နားလည်သွားပြီ။

## Leadership Training



Based on the purpose of "to get the comprehensive knowledge on typical leadership styles and competencies of leader", CBI training team also facilitated "Leadership" training in Mandalay from 13 to 15 June, 2011. Out of many nomination forms, CBI selected 18 participants, 10 male and 8 female from 11 Local Organizations.

Participants said that : we know that there are leaders with different types and all are taking their own respective roles and responsibilities. Leaders are only not the ones who lead the organizations.

### ခေါင်းဆောင်မှုသင်တန်း

ဒီသင်တန်းကိုတော့ စံနမူနာပြ ခေါင်းဆောင်မှုပုံစံတွေနဲ့ ခေါင်းဆောင်တွေရဲ့ ကျွမ်းကျင်ပိုင်နိုင်မှုတွေနဲ့ ပတ်သက်တဲ့ အသိပညာတွေကို ရရှိသွားစေဖို့ ရည်ရွယ်ပြီး ဇွန်လ ၁၃ရက်နေ့ကနေ ၁၅ရက်နေ့အထိ မန္တလေးမြို့မှာ ပြုလုပ်ပေးခဲ့တာပဲ ဖြစ်ပါတယ်။ သင်တန်းတက်ရောက်လိုကြောင်း လျှောက်ထားသူများထဲမှ သင်တန်းသား ၁၈ယောက်၊ ပြည်တွင်း အဖွဲ့အစည်း ၁၁ဖွဲ့က အမျိုးသား ၁၀ယောက်နဲ့ အမျိုးသမီး ၈ယောက် ကို ရွေးချယ်ခဲ့ပါတယ်။

သင်တန်းကနေ ခေါင်းဆောင်တွေဆိုတာ ပုံစံအမျိုးမျိုးနဲ့ ရှိနေတယ်၊ ခေါင်းဆောင်ဆိုတာ နေရာတိုင်းမှာ ကိုယ့်နေရာနှင့်ကိုယ် တာဝန်ယူထားတယ်၊ အဖွဲ့အစည်းကို ဦးဆောင်နေသူကိုသာ ခေါင်းဆောင်လို့ သတ်မှတ်တာ မဟုတ်ဘူးဆိုတာတွေကို သိရှိခဲ့ရပါတယ်။

CBI has been implementing a Capacity Building project for Myanmar NGOs in partnering with Church World Services (CWS) since January 2010.

### ToT Training (2nd & 3rd Module)



CBI training team conducted 2nd Module of ToT training on 26-29 April and 3rd Module on 24-27 May, 2011 at CBI training room. 7 male and 8 female, total of 15 ToT participants actively participated in these trainings. They got a chance to show their facilitation skills based on their own experiences in training. CBI presented completion certificates to 14 participants after the training.

Five ToT participants, individual potential Myanmar young people facilitated 3 day facilitation training by themselves using what they got from ToT training and it was achieved.

### Creative Thinking and Decision Making Training



This training was conducted from 8 to 10 June, 2011. Total 16 participants from 12 Local Organization participated in this training.

*Voice of Participants:*

- *Good Workshop based on participant's knowledge by using effective training materials & aids.*
- *I don't expect this teaching style that is excellent.*
- *I like debate about "Creative Thinking is not good".*

### Team Building Training



This training was conducted on 11-13 May, 2011 at CBI training room.17 participants from Local NGO attended the training.

*Voice of participants:*

- *Everyone in organizations and communities need to attend this kind of training.*
- *I like Games and also Group Discussion.*
- *Steps to pass to become a successful team, I didn't know it before.*
- *I like Group Vs Team and Johari Window.*

### Human Resource Management (HRM) Training



Out of more than 30 applicants, CBI team selected 21 participants for this Human Resource Management training from 22 to 24 June, 2011. The main objectives was to have clear understanding of the aspects of Human Resource Management and to enable them apply in their own organizations in order to enhance the performance of human resources and efficiency of the organizations.

### Facilitation Skills Training



CBI training team conducted Facilitation Skills training in Yangon from 28 to 30 June, 2011. It emphasized on the three main contents: Knowledge of Facilitation, Skills of Facilitation and Methods of Facilitation. Each and every main content have their own sub contents. CBI intended the participants to gain clear understanding of fundamentals of facilitation skills, to gain the exposure of commonly used methods in facilitation and to adopt and apply the knowledge and skills in their organizations.



Limited for Internal Circulation Only

စီဘီအိုင်ဟာ စီဒဘာယ်လျူအက်စ်နဲ့ ပူးပေါင်းပြီး မြန်မာအန်ဂျီအိုတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ပေးတဲ့ စီမံကိန်းကို ၂၀၁၀ ဇန်နဝါရီလကထဲက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါတယ်။

## သင်တန်းဆရာဖြစ်သင်တန်း



ဒုတိယမော်ဂျူးကို ဧပြီလ ၂၆ရက်နေ့မှ ၂၉ရက်နေ့အထိလည်းကောင်း၊ တတိယမော်ဂျူးကို မေလ ၂၄ရက်နေ့မှ ၂၇ရက်နေ့အထိလည်းကောင်း ပြုလုပ်ခဲ့ပါတယ်။ အမျိုးသား ၇ယောက်၊ အမျိုးသမီး ၈ယောက်၊ စုစုပေါင်း သင်တန်းသား ၁၅ယောက် တက်ကြွစွာ ပါဝင်ခဲ့ပါတယ်။ တက်ရောက်သူသင်တန်းသားတွေဟာ အတွေ့အကြုံပေါ်မူတည်ပြီး သူတို့ရဲ့ ပံ့ပိုးကူညီမှုဆိုင်ရာ စွမ်းရည်တွေကို ပြသခွင့်ရခဲ့ကြပါတယ်။ တက်ရောက်သူ ၁၅ဦးရှိပေမယ့် သင်တန်းအပြီးမှာ ၁၄ယောက်သာ သင်တန်းပြီးဆုံးကြောင်း လက်မှတ်ကို ချီးမြှင့်ခြင်း ခံခဲ့ရပါတယ်။

## ဖန်တီး စဉ်းစားတွေးခေါ်ခြင်းနဲ့ ဆုံးဖြတ်ချက်ချခြင်း



ဒီသင်တန်းကို ၂၀၁၁ ဇွန်လ ၈ရက်နေ့မှ ၁၀ရက်နေ့အထိ ပြုလုပ်ခဲ့တာဖြစ်ပြီး ပြည်တွင်းအဖွဲ့အစည်း ၁၂ခုမှ သင်တန်းသား ၁၆ယောက် ပါဝင်ခဲ့ပါတယ်။

သင်တန်းသားတို့ ရင်ဖွင့်သံများ

- တက်ရောက်တဲ့ သင်တန်းသားတွေရဲ့ အသိပေါ်မူတည်ပြီး အသုံးဝင်ထိရောက်တဲ့ သင်ထောက်ကူ ပစ္စည်းတွေ သုံးသွားတာ အရမ်းကောင်းပါတယ်။
- ဒီလို သင်ကြားကြလိမ့်မယ်လို့ မမျှော်လင့်ထားဘူး။ အလွန်ကောင်းတဲ့ သင်ကြားမှုပုံစံပါ။
- ဖန်တီးစဉ်းစားတွေးခေါ်ရတာ မကောင်းဘူးဆိုပြီး စကားရည်လုရတာကို ကြိုက်တယ်။

## အဖွဲ့စည်းလုံးအောင် ပြုလုပ်ခြင်း သင်တန်း

မေလ ၁၁ရက်နေ့မှ ၁၃ရက်နေ့အထိ စီဘီအိုင်သင်တန်းခန်းမမှာ ပြုလုပ်ခဲ့ရာမှာ သင်တန်းသား ၁၇ ယောက် ပါဝင်တက်ရောက်ခဲ့ပါတယ်။



သင်တန်းသားတို့ရင်ဖွင့်သံများ

- အဖွဲ့အစည်းတွေ ဒေသခံလူထုအတွင်းရှိ လူတိုင်း ဒီလိုသင်တန်းမျိုးကို တက်ရောက်သင့်ပါတယ်။
- ဂိမ်းတွေ အဖွဲ့လိုက် ဆွေးနွေးရတာတွေကို ကြိုက်တယ်။
- အောင်မြင်တဲ့ အဖွဲ့တစ်ခုဖြစ်ဖို့လိုအပ်တဲ့ အဆင့်တွေ ကျော်ဖြတ်ရတယ်ဆိုတာ အရင်က မသိခဲ့ဘူး။
- အသင်းအဖွဲ့နဲ့ အုပ်စုကြားခြားနားချက်နဲ့ ဂျိုဟာရီ-ပြတင်းပေါက်ကို နှစ်သက်တယ်။

## လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်း သင်တန်း



တက်ရောက်လိုကြောင်း လျှောက်ထားသူ ၃၀ အနက်မှ ၂၁ယောက်ကို ရွေးချယ်ခဲ့ပြီး သင်တန်းကို ဇွန်လ ၂၂ရက်နေ့ကနေ ၂၄ ရက်နေ့အထိ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒီသင်တန်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်းဆိုင်ရာ ရှုထောင့်အမျိုးမျိုးကို ရှင်းရှင်းလင်းလင်းနားလည်သွားကြပြီး အဖွဲ့အစည်းရဲ့ စွမ်းဆောင်နိုင်မှု၊ လူ့စွမ်းအား အရင်းအမြစ် လုပ်ဆောင်နိုင်မှုတွေကို မြှင့်တင်တဲ့နေရာမှာ ပြန်လည်အသုံးချနိုင်စေဖို့ ဖြစ်ပါတယ်။

## ပံ့ပိုးကူညီခြင်း စွမ်းရည် သင်တန်း



စီဘီအိုင်အနေနဲ့ ပံ့ပိုးကူညီခြင်းစွမ်းရည် သင်တန်းကို ဇွန်လ ၂၈ရက်နေ့မှ ၃၀ရက်နေ့အထိ ပြုလုပ်ပေးခဲ့ပါတယ်။ ဒီသင်တန်းမှာ ပံ့ပိုးကူညီခြင်းဆိုင်ရာ အသိပညာတွေ၊ ကျွမ်းကျင်မှုတွေနဲ့ နည်းလမ်းတွေကို အဓိကထားပို့ချခဲ့ပါတယ်။ တစ်ခုချင်းစီအတွက်လည်း သက်ဆိုင်တဲ့ အဓိကကျတဲ့ ပံ့ပိုးကူညီခြင်းဆိုင်ရာ ကျွမ်းကျင်မှုတွေကိုနားလည်သွားဖို့၊ အသုံးများတဲ့ ပံ့ပိုးကူညီခြင်းဆိုင်ရာ နည်းလမ်းတွေနဲ့ ရင်းနှီးသွားစေဖို့၊ အဲဒါတွေကို သူတို့ရဲ့ အဖွဲ့စည်းတွေမှာ ပြန်လည် အသုံးပြုနိုင်စေဖို့ ရည်ရွယ်ထားခဲ့ပါတယ်။

# Update NGO Contact Information

### Women Organizations Network (WON)

Building 11, Room 3 B, San Yeik Nyein 1st Street, Kamayaut Township, Yangon. Tel : 95 9 73021025

### World Concern Myanmar

No. 477/ 479, Aye Yeikthar 2nd Lane, 6th & 7th Floor, New University Avenue Road, Bahan Township, Yangon. Tel : 95 1 557355, 401554

### Actionaid Myanmar

No. 1, Wingabar Avenue, Shwe Gone Daing, Bahan Township, Yangon. Tel: 95 1 546671

### Ar Yone Thit Myanmar Social Workers Association

Building 2, Room 8/B, Hledan Street, No. 3 Quarter, Kamayut Township, Yangon
Website : www. Aryonethitmswa.webs.com, Email : aryonethit.director@hotmail.com, Tel : 95 9 730 31467

### Myanmar Business Coalition on Aids (MBCA) Organization

MBCA Registered Office : No. 380, FMI Center, 10th Floor, Bogyoke Aung San Road, Pabedan Township
Tel: 95 1 240363
Focal Person - Thon Hnin Phwe (a) Hnin Oo, Secretary

MBCA Executive Office : No. 116/A, Inya Road, Kamayut Township
Tel & Fax: 95 1 514598
Focal Person - Ei Zin Soe, Secretary of Principal

MBCA Project Office : No. 54 (G), Shwe Taung Gyar, Bahan Township
Tel: 95 1 510460
Focal Person - Dr. Nwe Nwe Oo, Assistant Coordinator

MBCA Email : mbconaids@gmail.com
MBCA Website : http://www.mbconaid.org

## CBI Training Calendar (September to December 2011)

| No. | Training Title | Delivery | Invitation | Closing | Confirmation |
|---|---|---|---|---|---|
| 1. | Integrated Facilitation<br>Series 1 : Facilitation Fundamental | 5-7<br>October | 31<br>August | 21<br>September | 28<br>September |
| 2. | Integrated Facilitation<br>Series 2 : Facilitation for Large Group | 26-18<br>November | 11<br>October | 2<br>November | 8<br>November |
| 3. | Integrated Facilitation<br>Series 3 : Facilitation for Intervention | 7-9<br>December | 2<br>November | 23<br>November | 30<br>November |

*Contact Person : U Ye Htut Soe (Training Manager), yhs@cbiinmyanmar.org, cbitraining@cbiinmyanmar.org*